


# VAM (Vulnerability Analysis and Mapping)
## WFP Myanmar

**ဆက်စပ်အခြေအနေအကြောင်းအရာ ၊** မြန်မာနိုင်ငံတဝန်း ဒေသများတွင် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်သည်အချိန်ကာလ ကြာမြင့်စွာကတည်းက စားနပ်ရိက္ခာဖူလုံမှု နှင့် ဆင်းရဲနွမ်းပါးမှု အခြေအနေ သတင်းအချက်အလက်များနှင့်ပတ်သက်၍ မှီခို အားထားအရဆုံးနှင့် သတင်းအချက်အလက်များ ပုံမှန် ထောက်ပံ့ ပေးနေပြီး၊ WFP ၏ စီမံကိန်းလိုအပ်ချက်များကို အကြောင်းကြားပေးနိုင်ရန်နှင့် အခြားသော ပါဝင်ပတ်သက်နေသော အဖွဲ့ကြီးများမှ နိုင်ငံတွင်း စားနပ်ရိက္ခာနှင့် ပတ်သက်သော ပြဿနာများကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်လျှက်ရှိပါသည်။ သို့သော်လည်း မြန်မာနိုင်ငံအတွင်းအမျိုးအစား ပေါင်းစုံစုစည်းနေသော ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၅ ခု အလိုက် နှင့် ပြည်နယ်တိုင်းဒေသကြီးများအတွင်းတွင် စားနပ်ရိက္ခာမဖူလုံမှုကိုတိုင်းတာသော ညွှန်းကိန်းများစွာဖြင့်ကောက်ယူခြင်းနှင့် ရာသီအလိုက် ပြောင်းလဲမှုများကို ကောက်ယူမှုနည်းခြင်းများကြောင့် စားနပ်ရိက္ခာဖူလုံမှု သတင်းအချက်အလက်များက ဟိုတစ်စုသည်တစ်စုနှင့် နယ်မြေဒေသအလိုက် ပြန့်ကြဲလျှက်ရှိနေပါသည်။ သို့အတွက်ကြောင့် ရာသီအလိုက် ဆင်းရဲနွမ်းပါးမှု အနိမ့်အမြင့် ပြောင်းလဲနေသော အခြေအနေများကို နားလည်နိုင်ရန်အခက်အခဲရှိစေပြီး၊ စီမံကိန်းဆိုင်ရာ ရှုထောင့်မှကောက်ယူထားသော သတင်းအချက်အလက်များ၏ အသုံးဝင်မှုများကိုပါ ထိခိုက်စေပါသည်။ မည်သို့ပင်ဆိုစေ WFP အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်များကို သတင်းအချက်များ အဓိကထောက်ပံ့ပေးနေရသည့် အခန်းကဏ္ဍကို အဓိက တာဝန်ယူထားသည့် အဖွဲ့အစည်းဖြစ်သည့်အလျောက် WFP၏ ဆင်းရဲနွမ်းပါးမှု အခြေအနေကို စမ်းစစ်လေ့လာခြင်းနှင့် မြေပုံများထုတ်ဝေခြင်း (VAM) စွမ်းရည်များ တိုးတက်လာစေရန် လုပ်ဆောင်ခြင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းများနှင့် အကျိုးခံစားခွင့် ရှိသူများကို ပိုမိုကောင်းမွန်စွာ ဝန်ဆောင် မှုပေးနိုင်ရန် လုပ်ငန်းစဉ်များကိုလည်း အဓိကလုပ်ဆောင် ပေးနိုင်ရန် အလေးထား ဆောင်ရွက်လျှက် ရှိပါသည်။ WFPသည် ပိုမိုပေါင်းစပ် ပါဝင်၍ ပြည့်စုံသော သတင်းထုတ်ပြန်ရေးစနစ် ထူထောင်ရန် လိုအပ်ချက်များကို သတိပြုမိပါသည် ၊ ထိုစံနစ်သည် စားနပ်ရိက္ခာမဖူလုံမှုကို တိုက်ထုတ်ရန် လိုအပ်သည့် အသင့် တော်ဆုံးသော တုံ့ပြန်မှုများပေးနိုင်ရေး ပုံစံချမှတ်ရာတွင် အခြေခံလိုအပ်သော သက်သေ အထောက်ထားအဖြစ် အထောက်ပံ့ပေးပါလိမ့်မည် ။

**တုန့်ပြန်လုပ်ဆောင်ချက် ၊** စားနပ်ရိက္ခာဖူလုံမှု လုပ်ငန်းစဉ် အတွေ့အကြုံများအပေါ် အခြေခံ၍ ၂၀၁၂ ဖေဖော်ဝါရီလတွင် WFP မြန်မာသည် Livelihood and Food Security Trust Fund(LIFT) မှ ထောက်ပံ့မှုဖြင့် ၃ နှစ် တာအတွက် စီမံကိန်းကိုစတင်ခဲ့ပါသည် ။ စီမံကိန်းခေါင်းစဉ်မှာ "မြန်မာနိုင်ငံ စားနပ်ရိက္ခာဖူလုံမှုနှင့်ဈေးနှုန်းသတင်းအချက်အလက်ထုတ်ပြန်ရေးစံနစ်များဖွံ့ဖြိုးတိုးတက် ကောင်းမွန်စေရန်" ဟူ၍ဖြစ်ပါသည်။ ဤစီမံကိန်းသည် ပိုမိုထိရောက်အသုံးဝင်သော စားနပ်ရိက္ခာဖူလုံရေးနှင့်ဈေးကွက် သတင်းအချက်အလက် ထုတ်ပြန်ရေး စံနစ်တစ်ခု တည်ထောင်နိုင်ရန် မိတ်ဖက် အဖွဲ့အစည်းများ ၊ အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းတို့ပူးပေါင်း လုပ်ဆောင်ကာ စားနပ်ရိက္ခာဖူလုံရေးနှင့် ဈေးကွက်နှင့်ပတ်သက်သည့်သတင်းအချက်အလက်ကောက်ယူခြင်း၊ အဓိပ္ပါယ် ဖော်ထုတ်ပေး ခြင်းများတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ရန်နှင့် စံသတ်မှတ်ရန်အတွက် ရည်ရွယ်ပါသည် ။

| ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ | အစိုးရအဖွဲ့ | အန်ဂျီအိုများ၊စီအက်စ်အို အဖွဲ့များ |
|---|---|---|
| ၁၅၅ | ၂၅၂ | ၄၈၀ |

၂၀၁၂ ခုနှစ်မှစ၍ စားနပ်ရိက္ခာဖူလုံမှု စစ်တမ်းကောက်ယူခြင်းများနှင့်ပတ်သက်သော သင်တန်းပို့ချပေးခဲ့သော လူအရေအတွက်

**ရင်းနှီးမြှုပ်နှံမှု အခြေအနေ ၊** စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာနှင့် ဆက်နွယ်နေသော ဆင်းရဲနွမ်းပါးမှုအခြေအနေများကို နားလည်ခြင်းသည် စားနပ်ရိက္ခာမဖူလုံမှုနှင့် အစားအစာရရှိရန် ခက်ခဲသည့်အခြေအနေကို ကိုင်တွယ်ဆောင်ရွက်ခြင်းများအတွက် ရည်ရွယ်၍ စီမံကိန်းများ ပုံစံချမှတ်ခြင်းနှင့် လုပ်ဆောင်ခြင်းအတွက် အခြေခံအကျဆုံးသော အချက်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေး သတင်းထုတ်ပြန်မှုစံနစ် ကောင်းမွန်စွာတိုးတက်လာစေခြင်းတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် ပတ်သက်သည့် အဖွဲ့အစည်းများမှ လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ သတ်မှတ်နိုင်စေရန် ၊ ပိုမိုကောင်းမွန်စွာ ပုံစံချမှတ်နိုင်စေရန် နှင့် အလေးပေးရွေးချယ်ရေးအစီအစဉ်များကို အကောင်းမွန်ဆုံး အနေအထားဖြင့် လုပ်ဆောင်နိုင်မည်ဟု WFPက ယုံကြည်ပါသည်။ WFP ၏ VAM အဖွဲ့သည် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများ၊ သတင်းအချက်အလက်များအား စမ်းစစ်လေ့လာ သုံးသပ်ခြင်းလုပ်ငန်းများ နှင့် မြေပုံထုတ်ခြင်းလုပ်ငန်းများတွင် အတွေ့အကြုံရှိသော ဝန်ထမ်းများဖြင့် ဖွဲ့စည်း ထားပါသည်။ ထိုလုပ်ငန်းများနှင့် ပတ်သက်သည့် လုပ်ဆောင်နိုင်မည့် စွမ်းရည်များကိုမြှင့်တင်ရန် စားနပ်ရိက္ခာဖူလုံရေးတိုင်းတာသည့် ညွှန်းကိန်းများကို အခြေအနေအားလုံးနှင့် လိုက်ဖက်ညီအောင်လုပ်ဆောင်ပေးခြင်းနှင့်ပတ်သက်သည်များကိုအဖွဲ့အစည်းများမှ ကွင်းဆင်းလုပ်ဆောင်နေကြသော ဝန်ထမ်းများအား သင်တန်းပို့ချခြင်း ၊ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် စစ်တမ်းကောက်ယူခြင်း လုပ်ငန်းများတွင် ပါဝင်စေခြင်းများကို VAMအဖွဲ့အနေဖြင့် အဓိကထား လုပ်ဆောင်လျှက် ရှိပါသည်။ စားနပ်ရိက္ခာဖူလုံရေးစစ်တမ်းကောက်ယူခြင်းလုပ်ငန်းများနှင့်ပတ်သက်၍အရည်အသွေး ပြည့်ပြည့်ဝဝနှင့်ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနိုင်စေရန် ရည်ရွယ်ပါသည်။ သက်ဆိုင်ရာ










ဂန်ကြီးဌာနများသို့ နည်းပညာများလွှဲပြောင်းပေးခြင်းများ တဖြည်းဖြည်း တိုးတက် ဆောင်ရွက်ခြင်းဖြင့်လည်း စားနပ်ရိက္ခာဖူးလုံရေး သတင်းအချက်အလက် ထုတ်ပြန်ရေးစံနစ်များ ရေရှည်တည်တံ့လာမည့်အကျိုးကို ဖြစ်စေမည်ဖြစ်ပါသည်။ နောက်ဆုံးတစ်ခုအနေဖြင့် - WFP မြန်မာသည် စစ်တမ်းကောက်ယူခြင်းတွင် မိုဘိုင်းနည်းပညာနှင့်ပတ်သက်သည့် နည်းပညာများဖြင့် လုပ်ဆောင်လျှက်ရှိပါသည်၊ သတင်းထုတ်ပြန်ရေးစံနစ်တွင်ပိုမိုအကျိုးသက်ရောက်စေရန်ရည်ရွယ်၍ တဖြည်းဖြည်း ရင်းနှီးမြှုပ်နှံ လုပ်ဆောင် နေခြင်း ဖြစ်ပါသည် ။

**ဈေးကွက်စောင့်ကြည့်လေ့လာမှုအားတိုးမြှင့်လုပ်ဆောင်စေခြင်း** ၊ စားနပ်ရိက္ခာနှင့် ဆက်စပ်နေသော ဈေးနှုန်းသတင်းအချက်အလက်များ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်စေရန် ၊ WFP သည် စားနပ်ရိက္ခာဖူလုံရေးသတင်း ကွန်ရက်အဖွဲ့(FSIN) အဓိကအဖွဲ့ဂင်များ ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဂယ်ရေး ဂန်ကြီးဌာန တို့နှင့် ခန့်အပ်လုပ်ဆောင်ကာ ဈေးကွက် သတင်းထုတ်ပြန်ရေးစံနစ် လိုအပ်ချက်များ ကိုက်ညီစေရန် လုပ်ဆောင်လျှက်ရှိပါသည်။ စိုက်ပျိုးရေး ဂန်ကြီးဌာနမှ တဖြည်းဖြည်း ပူးပေါင်းပါဂင်လာရန်လည်း မျှော်လင့်ပါသည်။ လက်ရှိအနေဖြင့် WFPသည်ဈေးကွက် သတင်းအချက်အလက်များအတွက် မိုဘိုင်နည်းပညာကို အသုံးပြုနိုင်ရေး စနစ်ပုံစံ ချမှတ်နိုင်စေရန်တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီများ၏ပါဂင်လုပ်ဆောင် ပေးနိုင်မည့် စွမ်းရည်ကိုပါ ချင့်ချိန်ဆုံးဖြတ်လျှက်ရှိပါသည်။

**စွမ်းအားအရင်းအမြစ် မြှင့်တင်ပေးရေး ဗဟိုဌာနများ** ၊ WFP က ၂၀၁၃ ခုနှစ် နှစ်စတွင် ပထမဆုံးသော စွမ်းအားအရင်းအမြစ် ဗဟိုဌာနကို ဟားခါးမြို့တွင် ဖွင့်လှစ်ခဲ့ပါသည်။ ဒုတိယ ဌာနကို မကွေးမြို့ရှိ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်ဂန်းအတွင်းတွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဗဟိုဌာနများတွင် လိုအပ်သော ပစ္စည်းကိရိယာများ ဖြစ်သည့် ကွန်ပျူတာ ၊ GPS ၊ မိုဘိုင်းဖုန်းများကို စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန် နှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး နှင့်ပတ်သက်၍ ပူးပေါင်းလုပ်ဆောင်နိုင်စေရန် တပ်ဆင်ထားရှိပေးပါသည်။ အဖွဲ့အစည်းများ၏ သင်တန်းပို့ခြင်းများ ၊ အလုပ်ရုံဆွေးနွေးပွဲများ အတွက်လည်း ဗဟိုဌာနများကို အသုံးပြုကြပါသည်။ ၂၀၁၄ ခုနှစ်တွင် WFPမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် တိုင်းဒေသအသီးသီးတွင်ဗဟိုဌာန(၆)ခု၊ နေပြည်တော်တွင် အမျိုးသား ဗဟိုဌာန (၁)ခု ဖွင့်လှစ်မည် ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် ၊ WFP သည် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG) နှင့် ဗဟိုဌာနများတွင် သင်တန်းပို့ချခြင်းလုပ်ငန်းများအတွက်ပါဂင်လာစေရန် ချိတ်ဆက်လုပ်ဆောင်လျှက် ရှိပါသည် ။

**စားနပ်ရိက္ခာဖူလုံရေးကို စောင့်ကြည့်လေ့လာခြင်းစံနစ်** ၊ LIFT မှ အထောက်ပံ့ရရှိသော စီမံကိန်းကို VAM အဖွဲ့မှ လုပ်ဆောင်နေပြီး မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးသတင်း ကွန်ရက်အဖွဲ့(FSIN) အဖြစ် ဦးတည် ဆောင်ရွက် နေပါသည် ။ စားနပ်ရိက္ခာဖူလုံရေး သတင်းကွန်ရက် အဖွဲ့ဆိုသည်မှာ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ပတ်သက်သည့် ပုဂ္ဂိုလ်များ စုပေါင်း၍ နည်းပညာ ကျွမ်းကျင်သူများနှင့် စားနပ်ရိက္ခာဖူလုံရေးသတင်းအချက်အလက်များကိုအသုံးပြု၍ ဆုံးဖြတ်ချက်ချမှတ်သည့် သတင်းအချက်အလက်မန်နေဂျာများ စုပေါင်း၍ သတင်းကွန်ရက်အဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ WFPနှင့် FSIN အဖွဲ့သည် မြန်မာနိုင်ငံအတွက် ပထမဆုံးဖြစ်သောစားနပ်ရိက္ခာဖူလုံရေး စောင့်ကြည့်လေ့လာခြင်းစံနစ်ကို ဖန်တီးပုံဖော်လျှက်ရှိပါသည်။ စားနပ်ရိက္ခာဖူလုံရေးကို စောင့်ကြည့်လေ့လာခြင်းစံနစ်သည် ရိုးရှင်း၍စရိတ်စကသက်သာကာ မြန်မာနိုင်ငံအခြေအနေနှင့်ကိုက်ညီစွာ အထူးစီမံပြုလုပ်ထားခြင်းဖြစ်ပါသည်။ ယခုလက်ရှိ မြို့နယ်ပေါင်း ၅၀ ကျော်တွင် စိုက်ပျိုးရေး ထုတ်ကုန်များအတွက် အဓိကရာသီဖြစ်သည့် မစိုက်ပျိုးမီအချိန်နှင့် စိုက်ပျိုးပြီးချိန်တွင် စောင့်ကြည့်လေ့လာခြင်းများပြုလုပ်ပါသည်။ စားနပ်ရိက္ခာအခြေအနေများကို လေ့လာရာတွင် FSIN အနေဖြင့် ကိန်းဂဏာန်းအချက်အလက်များဖြင့် သတင်းအချက်အလက်ကောက်ယူခြင်းကို ကိုလျှော့ချပြီးနောက် ရရှိလာသော သတင်းအချက်အလက်များကို စံနစ်တကျ တိကျစွာ အခြေအနေများကို ပြန်လည်သုံးသပ်ခြင်းများပြုလုပ်ခြင်းဖြင့် (Qualitative approach) ချဉ်းကပ်နည်းကို အသုံးပြုပါသည်။ ကိန်းကဂဏာန်းအချက်အလက်များဖြင့် သတင်းအချက်အလက်ကောက်ယူခြင်းသည် မြို့နယ်အသီးသီးတွင် လေ့လာစောင့်ကြည့် နေရာများ(sentinal site)ပေါ် အခြေခံကောက်ယူခြင်းဖြစ်ပါသည် ၊ FSIN အဖွဲ့ဂင်များသည် နိုင်ငံတကာ အသိအမှတ်ပြု အဓိက ညွှန်းကိန်းများ ( အိမ်ထောင်စု၏ အစားအစာ စားသောက်မှုအခြေအနေ ၊ အိမ်ထောင်စုများ၏ အစားအစာ ရရှိရန်ခက်ခဲမှု အခြေအနေ၊ အစားအစာရရှိရန် ကြိုးပမ်းအား ထုတ်သည့်နည်းလမ်းများ ၊ စသည်တို့ကို ) ကို အသုံးပြု၍ မြို့နယ်များမှ သတင်းအချက်အလက်များကို ကောက်ယူကာ စောင့်ကြည့်လေ့လာခြင်းများ ပြုလုပ် ပါသည်။ ထိုကောက်ယူရရှိလာသော အိမ်ထောင်စုအလိုက် သတင်းအချက် အလက်များကို စားနပ်ရိက္ခာဖူလုံမှု အဆင့်သတ်မှတ်မှုစံနှုန်း ( အိုင်ပီစီ - Integrated Phase Classification) ပုံစံဖြင့်အသုံးပြုကာ ခွဲခြမ်း စိတ်ဖြာလေ့လာ

Food Security Monitoring System - Monsoon food security situation









သုံးသပ်ခြင်းပြုလုပ်ပါသည် ၊ ထိုစားနပ်ရိက္ခာ အဆင့်သတ်မှတ်မှုများသည် စောင့်ကြည့်လေ့လာနေသော မြို့နယ်များ၏ အခြေအနေများကို ကနဦးညွှန်ပြပေးနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ သတင်းအချက်အလက်များ၏ အခြေအနေအရည်အသွေးများကို ပြန်လည်သုံးသပ်ရာတွင် စစ်တမ်းများ ၊ အစိုးရဌာနထုတ်သတင်းများ ၊ FSIN အဖွဲ့များ၏ စီမံကိန်းများ သတင်းအချက်အလက်များ နှင့် သက်ဆိုင်ရာ ဒေသများအလိုက် ကွင်းဆင်းလုပ်ကိုင်နေကြသောဝန်ထမ်းများ ၊ အခြားသော ဒေသခံလူများ ၏ နယ်မြေဒေသ အတွေ့ အကြုံ၊ ဗဟုသုတများစွာကိုလည်း ထည့်သွင်း၍ သုံးသပ်မှုများပြုလုပ်ပါသည်။ ထိုကဲ့သို့သုံးသပ်ခြင်းကြောင့် sentinel site အခြေခံကောက်ယူထားသော သတင်းအချက်အလက်များသည် မြို့နယ်၏ အခြေအနေအရပ်ရပ်ကို ဘယ်လောက်ထိ ထင်ဟပ်စေနိုင်သည်ကို ပိုမိုနားလည်စေပါသည်။ ထိုသုံးသပ်ခြင်းပြီးနောက် ရလာသော အထောက်အထားများအားလုံးကို အသုံးပြုကာ လေ့လာနေသော မြို့နယ်များ၏ စားနပ်ရိက္ခာအခြေအနေ သတ်မှတ်မှုအဆင့်ကို သတ်မှတ်ပါသည်။ စားနပ်ရိက္ခာဖူလုံမှု သတင်းအချက်အလက်များအားသုံးသပ်ခြင်းနှင့် အခြေအနေ သတ်မှတ်မှုအဆင့်လုပ်ဆောင်ခြင်းများသည် အဓိကအများဆုံး သက်ဆိုင်ရာ ဒေသအလိုက်တွင်(မကွေး၊ဟားခါး၊လားရှိုး၊တောင်ကြီး၊စစ်တွေ၊မောင်တော) အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း ဖြစ်သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲများသို့ FSIN အဖွဲ့ဝင်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များ ( စိုက်ပျိုးရေး ၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး) မှ ဝန်ထမ်းများ တက်ရောက်ကာ သတင်းအချက်အလက်များနီးနှောဖလှယ်ကြခြင်း၊သက်ဆိုင်ရာဒေသ မြို့နယ်များအလိုက် စားနပ်ရိက္ခာနှင့် ပတ်သက်သော အခြေအနေများအပေါ် သဘောတူညီချက်များရယူခြင်းများပြုလုပ်ကြပါသည်။အချိန်ကာလ အလိုက်လေ့လာသုံးသပ်နေသည့် စံနစ်တွင် ကွင်းဆင်းဝန်ထမ်းများ၏လေ့လာတွေ့ရှိချက်များ ၊ လူထုအဖွဲ့အစည်းများ၏အစီရင်ခံစာများ မှရရှိသော လစဉ်ကောက်ယူရသည့် သတင်းများကိုပါထည့်ပေါင်းထားပါသည်။ထိုလစဉ်စောင့်ကြည့် လေ့လာသုံးသပ်နေခြင်းသည် ထူးခြားဖြစ်စဉ်များနှင့် ကြိုတင်သတိပေးချက်စံနစ်များအတွက် ပိုမိုကောင်းမွန်လာအောင် ရည်ရွယ်ပါသည်။

**မိတ်ဖက်အဖွဲ့များ ၊** စားနပ်ရိက္ခာဖူလုံရေးသတင်း ကွန်ရက်အဖွဲ့တွင် ၊ WFP အနေဖြင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းများနှင့်အတူတကွ စားနပ်ရိက္ခာဖူလုံရေး သတင်းအချက်အလက်များစံသတ်မှတ်ရန် နှင့် စောင့်ကြည့်လေ့လာခြင်းလုပ်ဆောင်ရန် လုပ်ငန်းများ လုပ်ဆောင်နေပါသည်။ ယနေ့ထိ စားနပ်ရိက္ခာဖူလုံရေးသတင်း ကွန်ရက်အဖွဲ့တွင် အဖွဲ့ဝင်၃၀ခန့်ရှိပြီး၊လက်ရှိ၂၅ဖွဲ့ပါဝင်ကာစားနပ်ရိက္ခာဖူလုံမှု စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများ လုပ်ဆောင်လျှက်ရှိပါသည်။ မြန်မာနိုင်ငံတဝန်း စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းကိုWFPမှအစိုးရအဖွဲ့များနယ်စပ်ရေးရာဝန်ကြီးဌာန၊ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန)နှင့် တက်ကြွစွာပါဝင်ပူးပေါင်း လုပ်ဆောင်နေပါသည်၊ စစ်တမ်း ကောက်ယူခြင်း ဆိုင်ရာ အရည်အသွေးများ တိုးတက်လာစေရန် နှင့် ဈေးကွက်ဈေးနှုန်း သတင်းအချက်အလက် ထုတ်ပြန်ရေးစံနစ်ကောင်းမွန်စေရန် သင်တန်းပို့ချခြင်းများလည်း ပြုလုပ်ပေးပါသည်။ အရေးပေါ်အခြေအနေကျရောက်သည့်အတွက်၊အရေးပေါ်သီးခြားလိုအပ်ချက် ပေါ်မူတည်၍ လေ့လာစမ်းစစ်ခြင်းများအတွက် WFP သည် မိတ်ဖက်အဖွဲ့များ သို့မဟုတ် အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရေးပေါ်အခြေအနေ တစ်ခုခုကြောင့် ထိခိုက်ပျက်စီးအကျိုးသက်ရောက်မှုများနှင့် ပတ်သက်သော သတင်းအချက်အလက် များကောက်ယူရန် နှင့် အကူညီထောက်ပံ့ပေးရန်လိုအပ်သည်များ ခွဲဝေချထားပေးနိုင်ရေးအတွက် ဆုံးဖြတ်ချက်ချရန်လိုအပ်သော သတင်းအချက်အလက်များပေးခြင်း စသည့် အဓိကလိုအပ်သော သတင်းအချက်အလက်ကောက်ယူခြင်းများ ကိုလည်း လုပ်ဆောင်ပါသည်။ နောက်ဆုံးတခုအနေဖြင့်၊ WFP သည် ကမ္ဘာ့ဘဏ်(World Bank) အဖွဲ့မှဦးဆောင်သော ဆင်းရဲနွမ်းပါးမှု တိုင်းတာခြင်းလုပ်ငန်းများအတွက် နည်းပညာအဖွဲ့တွင် နည်းပညာဆိုင်ရာ ပူးပေါင်းပါဝင် လုပ်ဆောင်လျှက်ရှိပါသည်။

**ရှေ့ဆက်လုပ်ငန်းစဉ် ၊** WFPသည် မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးကာ လက်ရှိပူးပေါင်းလုပ်ဆောင်နေသည်များကို ပုံစံတကျ တရားဝင် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားရန် မျှော်လင့်ပါသည်။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုကောင်းမွန် အောင်ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရန် လည်းမျှော်လင့်ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ပူးပေါင်းလုပ်ဆောင် နေသောဈေးကွက်ဈေးနှုန်းသတင်းအချက်အလက်စံနစ် ရှေ့ပြေးစမ်းသပ်စီမံကိန်းအတွက် လက်ရှိအချိန်တွင် ဆွေးနွေးနေဆဲဖြစ်ပြီး ၊ ဆက်သွယ်ရေး ကုမ္ပဏီများ ပါဝင်နိုင်မှုကိုလည်း စောင့်ကြည့်နေဆဲဖြစ်သည်။ WFPသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်လျှက်ရှိပါသည် အထူးသဖြင့် ကမ္ဘာ့ဘဏ်အဖွဲ့မှ တစ်နိုင်ငံလုံးတွင် ကောက်ယူမည့်စစ်တမ်းများတွင် စားနပ်ရိက္ခာဖူလုံမှုကို တိုင်းတာသည့် အဓိကစံညွှန်းကိန်းများကိုပါ ထည့်သွင်းကောက်ယူစေပြီး ပူးပေါင်း ဆောင်ရွက်လျှက်ရှိပါသည်။ နောက်ဆုံးတစ်ခုက၊ စားနပ်ရိက္ခာဖူလုံရေးသတင်းကွန်ရက်အဖွဲ့၏ လုပ်ဆောင်နေမှုများသည်လည်း နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုအဆင့်သတ်မှတ်မှု(IPC)ကို အကောင်အထည်ဖော်ဆောင်နိုင်ရေး လုပ်ငန်းစဉ်များအတွက် လက်ဆုပ်လက်ကိုင်ပြစရာ အထောက်အထားတစ်ခု ဖြစ်ပါသည်။

WFP
World Food Programme
wfp.org

VAMနှင့်ပတ်သက်၍နောက်ထပ်သိရှိစုံစမ်းလိုပါက

Mr Nicolas Guillaud
Head of VAM
Nicolas.Guillaud@wfp.org